စွန့်လွှတ်နှလုံးသားဖောင်ဒေးရှင်း

# သတင်းစာလွှာ

၂၀၂၆ ခုနှစ်၊ နှစ်လယ်ပိုင်း သတင်းလွှာ

အတွဲ (၁)၊ အမှတ် (၂)




ဖောင်ဒေးရှင်း

braveheartfoundation.net/newsletter



# မနက်ဖြန်များအတွက် အလင်းရောင်

(အရေးပေါ် လူသားချင်းစာနာမှုဆိုင်ရာ ကူညီပံ့ပိုးခြင်း)

စွန့်လွှတ်နှလုံးသားဖောင်ဒေးရှင်း (Braveheart Foundation) သည် ပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် နေရပ်စွန့်ခွာ နေထိုင်ရသည့် မိသားစုများအတွက် အခြေခံလိုအပ်ချက်များ ရရှိနိုင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ လိုအပ်ချက်များကို အချိန်မီ ဖြည့်ဆည်းပေးနိုင်ရန်အတွက် မြေပြင်အခြေအနေကို ဒေသခံများနှင့် ပူးပေါင်း၍ စာရင်းကောက်ယူခြင်း၊ အချက်အလက်စိစစ်ခြင်းများ ပြုလုပ်ကာ (အခမဲ့) ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

## မြေပြင်ကူညီပံ့ပိုးမှု ကိန်းဂဏန်းများ

(၂၀၂၆ ခုနှစ် နှစ်စပိုင်းမှ ဩဂုတ်လအထိ)

၂၀၂၆ ခုနှစ်အတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ နောင်ချို၊ ကျောက်မဲ၊ မြဝတီ၊ ကော့ကရိတ်၊ ဘားအံ၊ ကျိုက်မရော၊ ညောင်ရွှေနှင့် မင်းလှ မြို့နယ်များရှိ ယာယီနေရပ်စွန့်ခွာသူများထံသို့ အရေးပေါ် ခိုလှုံရေး၊ အိမ်သုံးပစ္စည်းများနှင့် စားနပ်ရိက္ခာများကို မြေပြင်အရောက် တိုက်ရိုက် ထောက်ပံ့ပေးအပ်နိုင်ခဲ့ပါသည်။

## မြေပြင်မှ ရင်တွင်းစကား (နေရပ်စွန့်ခွာ မိခင်တစ်ဦး၏ စကားသံ)

"မိုးဒဏ်၊ လေဒဏ်ကြား အမှောင်ထုထဲ ဖြတ်သန်းရတာ စိုးရိမ်ဖို့ကောင်းပါတယ်။ အခုလို ဆိုလာမီးအိမ်နဲ့ တာပေါ်လင်စ ရလိုက်တော့ ကလေးတွေ စိတ်ချလက်ချ အိပ်ပျော်သွားသလို၊ ကျွန်မတို့အတွက်လည်း မျှော်လင့်ချက် မီးရောင်လေး ပြန်လင်းလာသလိုပါပဲ..."



### ၂၀၂၆ ခုနှစ် နယ်မြေဒေသအလိုက် အကူအညီပေးအပ်မှု ဖြန့်ကြက်မှု

**၃၁,၇၃၇ ဦး**
အကူအညီရရှိသူ စုစုပေါင်းဦးရေ

**၈,၁၈၇ စု**
ထောက်ပံ့မှုရရှိသည့် အိမ်ထောင်စုပေါင်း

**၁၄,၇၉၆ ဦး**
အမျိုးသား ဦးရေ

**၁၆,၉၄၁ ဦး**
အမျိုးသမီး ဦးရေ

**၁,၀၁၀ ဦး**
မသန်စွမ်းသူ ဦးရေ




အကူအညီတိုင်းသည် အခမဲ့ဖြစ်သည်။
မည်သည့်အရာနှင့်မျှ လဲလှယ်ခွင့်မရှိပါ။



"မှန်ကန်သော အထောက်အထားများသည် ကိုယ်ပိုင်ဝိသေသလက္ခဏာကို ထိန်းသိမ်းပေးသည့် အခြေခံတစ်ရပ် ဖြစ်ပြီး၊ မှန်ကန်သော အသိပညာနှင့် လမ်းညွှန်မှုများသည် ထိုအခွင့်အရေးကို လက်လှမ်းမီစေရန် အရေးကြီးသော ခြေလှမ်းတစ်ရပ် ဖြစ်ပါသည်။"

# အခက်အခဲမှ အောင်မြင်မှုဆီသို့

(အသိပညာမှ အခွင့်အလမ်းဆီသို့)

ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာခဲ့ရပြီး စစ်ဘေးရှောင်စခန်းတွင် နေထိုင်နေရသော အသက် (၁၈) နှစ်အရွယ် ကိုဖြိုးသည် မှတ်ပုံတင်မရှိခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဆုံးရှုံးခဲ့ရပြီး မိသားစုကို ကူညီထောက်ပံ့နိုင်ရန် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။

စွန့်လွှတ်နှလုံးသားဖောင်ဒေးရှင်း (Braveheart Foundation) မှ ပါရာလီဂယ် (Paralegal) ဆရာ၊ ဆရာမများ လာရောက်သည့် ဆွေးနွေးပွဲသို့ တက်ရောက်ပြီးနောက် အသက် (၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အရေးပါမှုကို ကိုဖြိုးသဘောပေါက် နားလည်လာခဲ့သည်။ ပါရာလီဂယ်များ၏ လမ်းညွှန်မှုဖြင့် လိုအပ်သော စာရွက်စာတမ်းများကို စနစ်တကျ ပြင်ဆင်ကာ ပွဲစားများ မပါဘဲ သက်ဆိုင်ရာရုံးသို့ ကိုယ်တိုင် သွားရောက်လျှောက်ထားခဲ့ရာ အချိန်တိုအတွင်း အောင်မြင်စွာရရှိခဲ့ပါသည်။ ယခုအခါ ကိုဖြိုးသည် ခရီးသွားလာရာတွင် ပိုမိုလွယ်ကူလာသည့်အပြင် ပိုမိုကောင်းမွန်သော အလုပ်အကိုင်တစ်ခုကိုပါ ရရှိနေပြီ ဖြစ်ပါသည်။ မှန်ကန်သော လမ်းညွှန်မှုနှင့် အချိန်မီ အကူအညီများက လူတစ်ဦး၏ဘဝတွင် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ကြောင်း ဤဖြစ်ရပ်က သက်သေပြနေပါသည်။

**"အခက်အခဲတွေကြောင့် ရပ်တန့်မနေဘဲ မှန်ကန်တဲ့ လမ်းညွှန်မှုနဲ့ ကိုယ်တိုင်ကြိုးစားလိုက်တဲ့အခါ အခွင့်အလမ်းအသစ်တွေကို ရှာဖွေတွေ့ရှိနိုင်ပါတယ်။"**

(ကိုဖြိုး၏ ရင်တွင်းစကား)

# ပျောက်ဆုံးနေသော အခွင့်အရေးများကို ပြန်လည်ရှာဖွေပေးခြင်း

ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာရသည့် ဒုက္ခအပြင် တရားဝင်အထောက်အထား စာရွက်စာတမ်းများ မရှိခြင်းကြောင့် "လူမှုစီးပွားဘဝ အခက်အခဲများနှင့်" နိုင်ငံသားတစ်ဦး၏ရပိုင်ခွင့်များပါ ဆုံးရှုံးနေရသူများစွာ ရှိနေပါသည်။ ဤကွက်လပ်ကို ဖြည့်ဆည်းပေးရန် ကော့ကရိတ်မြို့နယ်အတွင်းရှိ စွန့်လွှတ်နှလုံးသားဖောင်ဒေးရှင်းမှ ပါရာလီဂယ် (Paralegal) များသည် မြေပြင်အရောက် ကွင်းဆင်း၍ အားတက်သရော ကူညီဆောင်ရွက်ခဲ့ပါသည်။ ၎င်းတို့သည် ယာယီနေရပ်စွန့်ခွာပြည်သူ (၈၈၆) ဦးအား တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့ရေးနှင့် အထောက်အထားများ၏ အရေးကြီးပုံကို အသိပညာပေး ဆွေးနွေးနိုင်ခဲ့ရုံသာမက၊ အမှန်တကယ် အခက်အခဲဖြစ်နေသူများကို သက်ဆိုင်ရာရုံးများနှင့် တိုက်ရိုက်ချိတ်ဆက်၍ လျှောက်ထားရယူရေးလုပ်ငန်းအတွက် ထိရောက်စွာ ကူညီပံ့ပိုးပေးခဲ့ပါသည်။ တရားဝင် အထောက်အထားတစ်ခု ရရှိသွားခြင်းသည် စာရွက်သက်သက်မဟုတ်ဘဲ ၎င်းတို့၏ လုံခြုံရေး၊ အလုပ်အကိုင်နှင့် အနာဂတ်မျှော်လင့်ချက်များကို ပြန်လည်အသက်သွင်းပေးလိုက်ခြင်းပင် ဖြစ်ပါသည်။

(ကော့ကရိတ်မြို့နယ် မြေပြင်လှုပ်ရှားမှု)



**၁၆ ဦး** (မွေးစာရင်း အောင်မြင်စွာ ပြုလုပ်ပေးနိုင်ခဲ့သော ကလေးသူငယ်)

**၁၉ စု** (အိမ်ထောင်စုစာရင်း အောင်မြင်စွာ ပြုလုပ်ပေးနိုင်ခဲ့သော မိသားစု)

**၈၈ ဦး** (နိုင်ငံသားကတ်ပြား အောင်မြင်စွာ လျှောက်ထားရယူပေးနိုင်ခဲ့သူ)

**လူတစ်ဦးချင်းစီ၏ ပညာသင်ကြားရေး၊ ခရီးသွားလာရေးနှင့် ဥပဒေအကာအကွယ်ရရှိရေးတို့အတွက် အခြေခံအကျဆုံးသော စာရွက်စာတမ်းများအား အောင်မြင်စွာ ကူညီပံ့ပိုးပေးနိုင်ခဲ့မှု**



# အကူအညီပေးရုံသက်သက်ဖြင့် လုံလောက်ပြီလား

"စစ်ဘေးရှောင်စခန်းတွေမှာ အမျိုးသမီးတွေနဲ့ ကလေးသူငယ်တွေရဲ့ လုံခြုံရေးက အရမ်းစိန်ခေါ်မှုများပါတယ်။ PSEA နဲ့ ပါရာလီဂယ် သင်တန်းကနေ ရရှိလိုက်တဲ့ အသိပညာတွေကြောင့် သူတို့ရဲ့ ရပိုင်ခွင့်နဲ့ အကာအကွယ်ပေးရေးကို အရင်ကထက် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်တော့မယ်လို့ ယုံကြည်ပါတယ်။"

(သင်တန်းတက်ရောက်သူ တစ်ဦး၏ ရင်တွင်းစကား)

စွန့်လွှတ်နှလုံးသားဖောင်ဒေးရှင်းသည် ရုပ်ဝတ္ထုပစ္စည်းများ ထောက်ပံ့ကူညီပေးရုံဖြင့် မလုံလောက်ဘဲ၊ ရပ်ရွာလူထု၏ ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကိုပါ အပြည့်အဝ ကာကွယ်ပေးနိုင်ရန် အလေးထားပါသည်။ ထို့ကြောင့် PSEA (လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုမှ ကာကွယ်ရေး) နှင့် AAP (လူထုအပေါ် တာဝန်ခံမှု) လုပ်ငန်းစဉ်များကို မြေပြင်အထိ ကွင်းဆင်းကာ လက်တွေ့အကောင်အထည်ဖော်ရန် ပြင်ဆင်ဆောင်ရွက်ထားပါသည်။

တောင်ငူ၊ မန္တလေး၊ ကျိုင်းတုံနှင့် ဘားအံမြို့နယ်များတွင် PSEA လက်စွဲစာအုပ် မိတ်ဆက်ပွဲများနှင့် မိတ်ဖက် (EOI) အဖွဲ့များအတွက် သင်တန်းများကို အချောသတ် ပြင်ဆင်ပို့ချပေးထားပါသည်။ ထို့အပြင် မြေပြင်ရှိ လူထုအား ရှောင်ကြဉ်ရမည့် အပြုအမူများနှင့် တိုင်ကြားနိုင်သည့် နည်းလမ်းများကို ရှင်းလင်းအသိပညာပေးထားပြီး၊ ဖောင်ဒေးရှင်းအနေဖြင့် လုံးဝလက်မခံသော (Zero Tolerance) မူဝါဒကို တင်းကျပ်စွာ ကျင့်သုံးလျက်ရှိကြောင်း ရပ်ရွာလူထုအား ယုံကြည်မှု တည်ဆောက်ထားပါသည်။

## ပန်းကလေးများပွင့်တော့မည်

ကလေးသူငယ်များနှင့် ရပ်ရွာလူထုအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုမှ ကာကွယ်ရေး (PSEA) အသိပညာများ ပိုမိုလွယ်ကူစွာ မျှဝေနိုင်ရန် "ပန်းကလေးများပွင့်တော့မည်" ရုပ်ပြစာအုပ်ကို အထူးဖန်တီးထားပါသည်။ ကလေးများ စိတ်ဝင်တစားဖတ်ရှုနိုင်ရန် ပေါ့ပေါ့ပါးပါး ဇာတ်လမ်းများဖြင့် ဆွဲဆောင်မှုရှိအောင် ရေးဆွဲထားပြီး မြေပြင်ကွင်းဆင်း လှုပ်ရှားမှုများတွင် ဖြန့်ဝေသွားမည်ဖြစ်ပါသည်။ ဤစာအုပ်ကို တိုင်းရင်းသားဘာသာစကား (၃) မျိုးဖြင့် ထုတ်ဝေထားပြီး၊ ဖောင်ဒေးရှင်း Website တွင်လည်း မည်သူမဆို အခမဲ့ ဒေါင်းလုဒ် (Free Download) ရယူနိုင်ပါသည်။




**ဘေးဒဏ်သင့်ပြည်သူများအတွက် လိုအပ်လျက်ရှိသော အရေးပေါ် လူသားချင်းစာနာမှု အကူအညီများ (Humanitarian Assistance) ထောက်ပံ့ပေးနိုင်ရန် သင့်အနေဖြင့် နည်းများမဆို အောက်ပါလမ်းကြောင်းများမှတစ်ဆင့် ပါဝင်ကူညီလှူဒါန်းနိုင်ပါသည်။**

MyanmarPay MMQR   AYA PAY   KBZ Pay

**AYA Bank: 10004794724 (Braveheart Foundation)** (PSEA အသိ

Visit Our Website
braveheartfoundation.net

Visit Our Facebook
braveheartmyanmar

Visit Our YouTube
Braveheart Foundation

Visit Our Facebook
myanmarlen